## နစ်မြုပ်ရေယာဉ်တူးဖော်ဆယ်ယူခြင်းနှင့်စပ်လျဉ်း၍
## ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ

**၁။ လျှောက်ထားသူကာယကံရှင်မှ ဤတိုင်းဒေသကြီး/ပြည်နယ်ရုံးသို့ လျှောက်ထားရာတွင်ပါဝင် ရမည့်အချက်များ-**

(က) သတ်မှတ်ပုံစံ- ၁ လျှောက်လွှာ(ပါဝင်ရမည့်အချက်များ)

(၁) လျှောက်ထားသူ၏အမည်နှင့်နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်

(၂) လျှောက်ထားသူ၏လူမျိုး/ဘာသာနှင့်မွေးသက္ကရာဇ်

(၃) လျှောက်ထားသူ၏ နေရပ်လိပ်စာနှင့် ဆက်သွယ်ရန် ဖုန်း၊ ဖက်စ်၊ အီးမေးလ်

(၄) လျှောက်ထားသူ၏ အဖွဲ့အစည်းကိုယ်စားလျှောက်ထားပါက အဖွဲ့အစည်းမှတ်ပုံတင်နှင့်လိပ်စာ

(၅) လျှောက်ထားသူ၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် ဆက်သွယ်ရန် ဖုန်း၊ ဖက်စ်၊ အီးမေးလ်

(၆) ကိုယ်စားလှယ်၏ လူမျိုး/ဘာသာနှင့်မွေးသက္ကရာဇ်

(၇) ပေးသွင်းထားသည့် အာမခံစပေါ်ငွေပမာဏနှင့်ပေးသွင်းသည့် ရက်စွဲ

(၈) ရေယာဉ်နစ်မြုပ်သည့်နေရာ၊ မြေပုံအညွှန်း

(၉) နစ်မြုပ်ရေယာဉ်အမျိုးအစား

(၁၀) နစ်မြုပ်ရေယာဉ်အတိုင်းအတာ/တန်ချိန်(ခန့်မှန်း)

(၁၁) နစ်မြုပ်ရေယာဉ်၏ရာဇဝင်အကျဉ်း

(၁၂) နစ်မြုပ်ရေယာဉ်၏ခန့်မှန်းတန်ဖိုး

(၁၃) နစ်မြုပ်ရေယာဉ်နှင့်စပ်လျဉ်း၍ အရှုတ်အရှင်းမရှိကြောင်းထောက်ခံချက်ထုတ်ပေးသည့် သက်ဆိုင်ရာအဖွဲ့အစည်းအမည်နှင့် ထုတ်ပေးသည့် ရက်စွဲ

(ခ ) လျှောက်ထားသူ/အဖွဲ့အစည်းမှ နစ်မြုပ်ရေယာဉ်ဖော်ယူခွင့်ရရှိပါက သတ်မှတ်ထားသော စည်းမျဉ်း/ စည်းကမ်းများနှင့် ညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်မည့်ဂတိဝန်ခံချက်။

(ဂ ) လျှောက်ထားသူ/အဖွဲ့အစည်းမှ နစ်မြုပ်ရေယာဉ်ဖော်ယူခွင့်ရရှိပါက သတ်မှတ်ထားသော အခွန်အခများအား ပေးသွင်းသွားမည့် ဂတိဝန်ခံချက်။

(ဃ) သက်ဆိုင်ရာ ရပ်ကျေး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်တို့ဖြစ်ပါသည်။

## ၂။ ပြည်နယ်ရုံးမှ စိစစ်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ

(က) လျှောက်ထားလာသော လျှောက်လွှာကို အချက်အလက်များ ပြည့်စုံမှု ရှိ/မရှိ စိစစ်၍ အမှုတွဲဖွင့်လှစ်ပြီး ပြည်နယ်ရုံးမှတူးဖော်သည့် နစ်မြုပ်ရေယာဉ်နေရာအား ကွင်းဆင်းပြီး ရေကြောင်းလွတ်ကင်းမှုရှိ/မရှိ၊ ကမ်းပြိုကမ်းစား ရှိ/မရှိနှင့် မြစ်ကြမ်းအနေအထားစသည့် အခြေအနေများအား စစ်ဆေးကြည့်ရှုတိုင်းတာရပါသည်။

(ခ) လိုအပ်သော ရေလမ်းမြေပုံထုတ်၍ ပြည်နယ်ရုံးမှ ကွင်းဆင်းတွေ့ရှိရသည့် မှတ်ချက်နှင့်အတူ ဤဦးစီးဌာန(ရုံးချုပ်)သို့ တင်ပြဆောင်ရွက်ပြီး ရုံးချုပ်မှ တဆင့်ပို့ဆောင် ရေးဝန်ကြီးဌာန၏ခွင့်ပြုချက်ကို ရယူဆောင်ရွက်ရပါသည်။

## ၃။ ဦးစီးဌာန(ရုံးချုပ်)မှ စိစစ်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ

(က) နစ်မြုပ်ရေယာဉ်ဆယ်ယူရေးအတွက် စပေါ်ငွေကျပ် ငါးသိန်းပေးသွင်းပြီးဖြစ်ရမည်။

(ခ ) နစ်မြုပ်ရေယာဉ်ဆယ်ယူရေးအတွက် ကန့်ကွက်သူမရှိပါက ကြမ်းခင်းဈေးတန်ဖိုးတွက်ချက်မှုနှင့်အတူ သဘောထားမှတ်ချက်ဖြင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနသို့ တင်ပြရမည်။

(ဂ) ဝန်ကြီးဌာနက ခွင့်ပြုချက်ပေးရန် ငြင်းဆိုကြောင်း(သို့မဟုတ်) စည်းကမ်းချက်များ သတ်မှတ်၍ ခွင့်ပြုချက်ပေးကြောင်းကို အကြောင်းကြားစာ လက်ခံရရှိရသည့်နေ့မှ ၁၀ ရက်အတွင်း လျှောက်ထားသူထံ အကြောင်းကြားရန် ဆောင်ရွက်ရမည်။

(ဃ) ဝန်ကြီးဌာနက စည်းကမ်းချက်များသတ်မှတ်၍ ခွင့်ပြုချက်ပေးသော လျှောက်ထားသူအား တိုင်းတာမှုနှင့် ကွင်းဆင်းစစ်ဆေးမှု ဝန်ဆောင်ခကို ပေးသွင်းစေပြီး ခွင့်ပြုချက် လက်မှတ်ထုတ်ပေးရမည်။

## ၄။ ကြီးကြပ်မှုအပိုင်း

(က) နစ်မြုပ်ရေယာဉ်တူးဖော်ရာတွင် ပြည်နယ်ရုံးမှ အောက်ဖော်ပြပါ အကြောင်းအချက်များအား အနီးကပ်ကြီးကြပ်ဆောင်ရွက်သွားပါမည်–

(၁) ရေလမ်းကျဉ်းမြောင်းသည့်နေရာဖြစ်ပါက တာဝန်ခံအရာရှိက သတ်မှတ်ပေးထားသော လုပ်ငန်းချိန်အတွင်း၌သာ ဆောင်ရွက်ရန်နှင့် ဤသို့ ဆောင်ရွက်ရာတွင် ရေယာဉ်များ ခုတ်မောင်းသွားလာရာတွင် နှောင့်နှေးမှုနှင့် စောင့်ဆိုင်းရမှုကို နည်းနိုင်သမျှနည်းစေရန်။

(၂) မြစ်ချောင်းနယ်အတွင်းရှိ ရေလယ်ကျွန်းနှင့် သောင်ခုံများပေါ်တွင် နစ်မြုပ်ရေယာဉ်များကို တူးဖော်ဆယ်ယူပြီးပါက တူးဖော်သည့်နေရာများအား မူလအနေ အထားအတိုင်း ပြန်လည်ဖို့ပေးရန်။

(၃) နစ်မြုပ်ရေယာဉ်တူးဖော်ဆယ်ယူပြီး ထွက်ရှိလာသည့်တူးစာများနှင့် စွန့်ပစ်ပစ္စည်း များကို ရေလမ်းကြောင်းအတွင်းသို့ စွန့်ပစ်ခြင်းမပြုရန်။

(၄) နစ်မြုပ်ရေယာဉ်တူးဖော်ဆယ်ယူခြင်းနှင့် စပ်လျဉ်း၍ ဤဦးစီးဌာနမှ သတ်မှတ်ထားသော စည်းကမ်းချက်များအား တိကျစွာ လိုက်နာ ဆောင်ရွက်သွားရန် တို့ဖြစ်သည်။